www.dhammaransi.com



ငါတို့အိမ်ရှိ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၆ ငါ၏ မိခင်ဖခင်တို့သည်၊ ၇ ငါ၏ဆရာသမားတို့သည်၊ ၈ ငါ၏ အဆွေအမျိုးတို့သည်၊ ၉ ငါ၏ဆွေမျိုး၏ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၁၀ ငါတို့ရွာရှိ ရဟန်းသံဃာတို့သည်၊ ၁၁ ငါတို့ရွာသူရွာသားတို့သည်၊ ၁၂ ငါတို့ရွာစောင့်နတ်တို့သည်၊ ၁၃ ငါတို့ရွာရှိ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၁၄ ငါတို့ရွာရှိ အစိုးရများနှင့်တကွ ခပ်သိမ်းသော သတ္တဝါတို့သည်၊ ၁၅ ငါတို့မြို့ရှိရဟန်းသံဃာတို့သည်၊၊ ၁၆ ငါတို့ မြို့သူမြို့သားတို့သည်၊ ၁၇ ငါတို့ မြို့စောင့်နတ်တို့သည်၊ ၁၈ ငါတို့မြို့ရှိကျွဲနွားတိရစ္ဆာန်တို့သည်၊ ၁၉ ငါတို့မြို့ရှိ အစိုးရများနှင့်တကွ ခပ်သိမ်းသော သူတို့သည်၊ ၂၀ ငါတို့နယ်ရှိရဟန်းသံဃာတို့သည်၊ ၂၁ ငါတို့နယ်သူနယ်သားတို့သည်၊ ၂၂ ငါတို့နယ်စောင့်နတ်တို့သည်၊ ၂၃ ငါတို့နယ်ရှိ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၂၄ ငါတို့နယ်ရှိ အစိုးရများနှင့်တကွ ခပ်သိမ်းသူတို့သည်၊ ၂၅ ငါတို့ပြည်ထောင်စုရှိ ရဟန်းသံဃာတို့သည်၊ ၂၆ ငါတို့ပြည်ထောင်စုသူ ပြည်ထောင်စုသားတို့သည်၊ ၂၇ ငါတို့ပြည်ထောင်စုရှိ နတ်တို့သည်၊ ၂၈ ငါတို့ပြည်ထောင်စုရှိ ကျွဲ နွားတိရစ္ဆာန်တို့သည်၊ ၂၉ ငါတို့ ပြည်ထောင်စု အစိုးရများနှင့်တကွ ခပ်သိမ်းသော သူတို့သည်၊ ၃၀ သိကြားမင်းသည်၊ ၃၁ ယမမင်းသည်၊ ၃၂ စတုလောကပါလနတ်မင်းတို့သည်၊ ၃၃ တောစောင့်နတ်တို့သည်၊ ၃၄ ဘောင်စောင့်နတ်တို့သည်၊ (က) ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ (ခ) ကြောင့်ကြခပ်သိမ်းကင်းငြိမ်းပါစေ၊ (ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ (ဃ) နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

ရှေ့ကဖော်ပြထားတဲ့ စာကြောင်းတကြောင်း ဆုံးတိုင်းဆုံးတိုင်း (စေ) ပါကဲ့ (စာပိုဒ်) ၄-ပိုဒ်စလုံးကို ဆိုရပါလိမ့်မည်၊

www.dhammaransi.com



ဖျက်၍ ပခုံးထက်၌ တင်မြဲတင်ပြန်၏။ တဖန်လှူဦးမည်ဟု ကြံစည်ပြန်လျှင် ယခင်နည်းကဲ့သို့ စေးနဲ စုံမက်သော မစ္ဆေရစိတ်သာကပ်ငြိ၍ မလှူမိဘဲ၊ ပထမ ယာမ်၊ မဇ္ဈိမ ယာမ် လွန်မြောက်၍ ပစ္ဆိမ ယာမ်သို့ ရောက်လေသော် မိမိကိုယ်ကို မိမိနှလုံးဖြင့်ဆိုဆုံးမသည်ကား အချင်း ဧကသာဋက၊သင်သည်ဤတဘည်မျှလောက်သော ပုဆိုးကိုလျက် မလှူရက်သကဲ့သို့ အထက်ထက်သော ဘဝက မစ္ဆေရနောက်သို့ လိုက်လံကာ ဒါန ကောင်းမှုကို မ ပြု ခဲ့ သော ကြောင့် ယ ခု ဘ ဝ ၌ ဆင်း ရဲ ရသည်မဟုတ်လော၊ နောက်နောင်သော ဘ တို့၌ လည်း ဤကဲ့သို့ ဆင်းရဲလိုသလော၊ အဆောတလျင် သင်လှူမှသာ ဒါနဖြစ်ပေလိမ့်မည်ဟု တိုက်တွန်းဆုံးမ၍ ပခုံးမှပုဆိုးကိုချပြီးလျှင်ဘုရားရှင်ခြေတော်ရင်း၌ထား၍ အားရဝမ်းသာစွာ လက်ျာ လက်ဖြင့်ပန်းပေါက်တီးချက် အောင်ပြီဟု သုံးကြိမ်ဆို၏။ ထိုအသံကိုဗန္ဓုမမင်းကြီး ကြားလေလျှင် သင်တို့ အဘယ် သူကို အောင်သနည်းဟု မေး၏။ ဧကသာဋကလည်း [illegible] အကြီးဖြစ်သည်မှစ၍ မစ္ဆေရနှင့် [illegible]သည့် အခါခါ [illegible] ကြ[illegible]တွင်ယှဉ်မာသောမစ္ဆေရရန်သည် ပစ္ဆိမ ယာမ်မှ ရှုံးနိမ့်လျက် လှူနိုင်သည်ဖြစ်၍ ထိုမစ္ဆေရကို အောင်ပြီဆိုပါသည်ဟု လျှောက်၏။မင်းကြီးလည်းအားရဝမ်းသာလှစွာချီးပ၍ တန်ဖိုးမျှသော ပုဆိုးကိုပေး၏။ ဧကသာဋကလည်း ဘုရားကျေးဇူးတော်ကို မှီ၍သာရသောဝတ္ထုဖြစ်ရကား ဘုရားနှင့်သာ ထိုက်ပေသည်ဟု ကြံ၍ တဖန်လှူပြန်၏၊ ထိုသို့လှူသည်ကိုမင်းကြီး သိပြန်လျှင် နှစ်စုံပင်ယခု၍ပေး၏၊ ဧကသာဋကသည်း ဘုရားအားလှူပြန်၏၊ တဖန် ၄ စုံ၎င်း၊ရှစ်စုံ၎င်းပေးပြန်လျှင်လည်း ယခင်ကဲ့သို့ အကုန်ပင် လှူ၏။ထို့နောက်တဆယ့်ခြောက်စုံပေးလေသော် ဤဧကသာဋကသည်

www.dhammaransi.com



ပေါ်သို့တက်ရောက်လာကာ ထင်းတုံး၏ တခုသောနံပါး ဘေး ဘက်၌ ပူး၍လိုက်ပါလာလေ၏။ ဤသို့အားဖြင့်ထင်းတုံးကြီးတခု ထည်း၌ သတ္တဝါ ၄ ဦးတို့ အတူစီးကာမျော ပါလာကြလေ၏။

## မြွေ၊ ကြွက်၊ ကျေးသားတို့၏အတ္ထုပ္ပတ္တိ
## မြွေ၏အကြောင်း

ဗာရာဏသီပြည်မှ သူဌေးကြီးတဦးသည် မြစ်ကမ်းနား၌ ကုဋေ ၄ဝ သော ဥစ္စာများကိုမြှုပ်နှံထားရာ သေသောအခါ ဥစ္စာ လောဘဇောတပ်မက်၍ ဥစ္စာမြှုပ်နှံထားရာအရပ်၌ မြွေဖြစ်နေ လေ၏။ ထိုမြွေသည် မိုးသည်းကြီးသည်းထန်စွာရွာချစဉ်၊ မိမိနေရာသို့ ရေများဝင်လာ၍မနေနိုင်သဖြင့် ထွက်လာရင်း ရေစီးယဉ်၌ မျော ပါလာခြင်းဖြစ်ပေ၏။

## ကြွက်အကြောင်း

ဗာရာဏသီပြည်မှသူဌေးတဦးသည် မြစ်ကမ်းနား၌ကုဋေ ၃ဝ သော ဥစ္စာများကိုမြှုပ်နှံထားရာ သေသောအခါ ဥစ္စာ လောဘ ဇောတပ်မက်၍ ဥစ္စာမြှုပ်နှံရာအရပ်၌ ကြွက်ဖြစ်နေလေ၏။ ထို ကြွက်သည် မိုးသည်းထန်စွာရွာချစဉ် မိမိနေရာသို့ရေများဝင် လာ၍ မနေနိုင်သဖြင့် ထွက်လာရင်း ရေစီးထဲ၌ မျောပါလာ ခြင်းဖြစ်ပေ၏။

## ကျေးသား၏ အကြောင်း

ကျေးသားကား အထက်ပါ မြွေနှင့် ကြွက်ကဲ့သို့လောဝင်စားမ ဟုတ်ပေ၊ ရိုးရိုးတိရစ္ဆာန်ဖြစ်၏။ မြစ်ကမ်းနားရှိလက်ပံပင် တ ပင်၌နေ၏၊ မိုးသည်းကြီးသည်းထန်စွာရွာ၍ ရေတက်ပြီး လက်ပံပင် ၏အမြစ်ကို ရေတိုက်စားသွားရာ လက်ပံပင်သည်မြစ်ထဲသို့ လဲ

